**Taw Win Kha Yay (Sex Workers in Myanmar ) Network**

No. 39/H-1, Myintzu street, Ward (9), Mayan gone Township, Yangon, Myanmar.
**Ph**(+95) 09 98 57 57 466 **Email** HO@swimnetwork.org

# Vacancy Announcement

(12/2025)

Date – 1st July 2025

| | |
|---|---|
| ခေါ်ယူသည့် ရာထူး | Center Counselor |
| အစီရင်ခံစာ တင်ရမည့်သူ | Center Medical Officer |
| လိုအပ်သော အရေအတွက် | ၁.ဦး |
| တာဝန်ကျသည့် မြို့ | မော်ဘီ မြို့နယ်၊ရန်ကုန်။ |
| စာချုပ်သက်တမ်း | Up to December 2025(including 3 months' probation period) |

**ကွန်ရက်၏ နောက်ခံသမိုင်းကြောင်း**

တော်ဝင်ခရေကွန်ရက်သည် ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သော အစိုးရမဟုတ်သည့် လူမှုအဖွဲ့အစည်းတခုဖြစ်ကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ပြည်တွင်း လူမှုကွန်ရက်အဖွဲ့အစည်း တခုဖြစ်ပါသည်။

တော်ဝင်ခရေသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ လိင်လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုနေသော အမျိုးသမီး များနှင် ကွန်ရက်ချိတ်ဆက်ထားပြီး ၎င်းတို့၏ ကျန်းမာရေး၊ လူမှုရေးနှင့် အခြေခံ လူ့အခွင့်အရေးများ ရရှိရေး စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

၂၀၁၁ ခုနှစ်၊ ဧပြီလတွင် ပျိုးပင်၏ပံ့ပိုးကူညီမှုဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိဒေသ (၁၀) ခုမှ (Female Sex Workers - FSW) - ၃၅ ဦးတို့သည် "တော်ဝင်ခရေ " အမည်ဖြင့် ကွန်ရက်ချိတ်ဆက် ဆောင်ရွက်ခြင်းကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။ ယခုအချိန်တွင် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ဒေသပေါင်း (၃၁) ဒေသရှိ (Female Sex Workers) များနှင့်အတူ တော်ဝင်ခရေ ကွန်ရက်၏ CC/EC များသည် ကွန်ရက်၏ လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိသည်။

**စီမံချက်၏ သဘောတရား**

ထိခိုက်လွယ်သော ဦးတည် အုပ်စုဝင်များအား HIV ရောဂါ အကြောင်းနှင့် ကာကွယ်နိုင်သော နည်းလမ်းများ အကြောင်း အသိပညာပေးခြင်းနှင့်သွေးစစ်ဆေးမည့်သူများအားနှစ်သိမ့်ဆွေးနွေးပေးခြင်း သွေးစစ်ဆေးပေးခြင်းနှင့် လိုအပ်သော ပံ့ပိုးမှုများအား ချိတ်ဆက်ညွှန်းပို့ခြင်းဆိုင်ရာ လုပ်ငန်းများ ထောက်ပံ့ကူညီပေးနိုင်ရန်။

**တာဝန်နှင့် ဝတ္တရားများ**

- HIV ကာကွယ်ရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုများအတွက် နှစ်သိမ့်ဆွေးနွေး ကူညီချိတ်ဆက်ပေးခြင်း
- သွေးစစ်ဆေးမည့်သူများအား နှစ်သိမ့်ဆွေးနွေးပေးခြင်း သွေးစစ်သော ဝန်ဆောင်မှုပေးနေသော အဖွဲ့များနှင့်အေအာတီ ဆေးခန်းများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပူးပေါင်းခြင်း
- အေအာတီ ဆေးမသောက်မီကာလတွင် ဆေးနှင့်ပတ်သက်သော အကြောင်းအရာများ အားဆွေးနွေးပေးခြင်း
- အေအာတီဆေး စွဲစွဲမြဲမြဲသောက်သုံးနိုင်ရန်အတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်း လိုအပ်ပါက အွန်လိုင်းနှင့် ဖုန်းမှတဆင့်ဆွေးနွေးပေးခြင်း
- ဆေးသောက်ပျက်ကွက်လူနာနှင့် KPSC သို့ ဆေးခန်းရက်ချိန်း မလာသော လူနာများအား ဆက်သွယ်၍ အေအာတီ ဌာနနှင့်ချိတ်ဆက်ပေးရမည်။
- နှစ်သိမ့်ဆွေးနွေးမှုခံယူသော လူနာများနှင့် သက်ဆိုင်သောအချက်အလက်များ ဖြည့်သွင်းခြင်း
- နှစ်သိမ့်ဆွေးနွေးမှုခံယူသော လူနာများနှင့် သက်ဆိုင်သောအချက်အလက်များ ပါဝင်သည့် ဖိုင်တွဲများကို ဖြည့်သွင်းရန်/သိမ်းဆည်းရန်
- နေ့အလိုက် နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာ စာရင်းဇယားများ ဖြည့်သွင်းခြင်း
- လစဉ်အလိုက် တာဝန်ပေးအပ်ထားသော Target များပြည့်မီအောင် ဆောင်ရွက်ခြင်း
- သင်တန်းများ အလုပ်ရုံဆွေးနွေးပွဲများတွင် ဝန်ထမ်းများ ကော်မတီများနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်း
- သက်ဆိုင်ရာ ကြီးကြပ်သူထံသို့ အပတ်စဉ် အချက်အလက်များနှင့်လစဉ် အစီရင်ခံစာများပေးပို့တင်ပြခြင်း
- လိုအပ်ပါက သီးခြားတာဝန်ပေးအပ်လာမှုများကို ကျေပွန်စွာ ဆောင်ရွက်ခြင်း

**လိုအပ်သော အရည်အချင်းများ**

- ပညာအရည်အချင်း အထက်တန်းအဆင့်ရှိရမည်။
- လူမှုဆက်ဆံရေးကောင်းမွန် ၍ စကားပြောဆို ပြေပြစ်သူ ဖြစ်ရမည်။
- ဝန်ဆောင်မှု ရယူသူများ၏ ကိုယ်ရေးကိုယ်တာ အတွင်းရေးများကို လျှို့ဝှက်စောင့်ထိန်းနိုင်သူ ဖြစ်ရမည်။
- ဝန်ဆောင်မှုရယူသူများ၏ အချက်အလက်များကို စနစ်တကျ ထိန်းသိမ်းနိုင်ရမည်။
- HIV  နှင့် ပတ်သက်သော စီမံချက် လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက် လုပ်ကိုင် ခဲ့သော အတွေ့အကြုံ ရှိသူဖြစ်ရမည်။

**ပေးပို့လျှောက်ထားရမည့်လိပ်စာ**

အမှတ် (၃၉/ H-1)၊ မဥ္ဇူလမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့
Email: HR@swimnetwork.org
လျှောက်လွှာပိတ်ရက် ။ ။ **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ( ၁၅ ) ရက်၊ အင်္ဂါနေ့။**

အလုပ်လျှောက်ထားသူသည် အလုပ်လျှောက်လွှာနှင့်အတူ ပတ်စပို့ ဓါတ်ပုံ (၁)ပုံ၊ ထောက်ခံပေးမည့်သူ နှစ်ဦး၏ အမည်၊ ရာထူး၊ ဖုန်းနံပါတ်များနှင့်တကွ email မှ တစ်ဆင့် ပေးပို့ လျှောက်ထားနိုင်ပါသည်။ Interview short list တွင်ပါဝင်သူများကိုသာ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။